**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီနှင့် ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့တို့ ၂၁-၂-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များသည် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ Senior Financial Sector Specialist ဖြစ်သူ Ms. Sau Ngan Wong ဦးဆောင်သော ကမ္ဘာ့ဘဏ်မစ်ရှင် ကိုယ်စားလှယ်အဖွဲ့အား ၂၁-၂-၂၀၁၉ ရက်နေ့ (၁၃:၀၀) နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

၂။ အဆိုပါ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကော်မတီ အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ နိုင်ငံပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယအထွေထွေမန်နေဂျာများ၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့မှ ကိုယ်စားလှယ်များ၊ စုစုပေါင်း (၂၈) ဦး တက်ရောက်ခဲ့ပါသည်။

၃။ အဆိုပါ အစည်းအဝေး၌ နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အဆင့် (၂) တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများမှ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး (၁၅:၀၀) နာရီတွင် အစည်းအဝေး ပြီးဆုံးခဲ့ပါသည်။